## Twenty-Second Sunday in Ordinary Time (August 31, 2014)

**1st READING:** ***Jeremiah 20: 7-9***
ယေရမိအနာဂတ္တိကျမ်း ၇-၉

အိုထာဝရဘုရား၊ကိုယ်တော်သည် အကျွန်ုပ်ကို သွေးဆောင်တော်မူသည်အတိုင်း၊ အကျွန်ုပ်လိုက်ပါပြီ။ ကိုယ်တော်သည်အကျွန်ုပ်ထက်အားကြီး၍နိုင်တော်မူပြီ။အကျွန်ုပ်သည်ကဲ့ရဲ့ခြင်းကိုနေ့တိုင်းခံရပါ၏။လူတိုင်းပြက်ပြယ်ခြင်း ကိုပြုတတ် ကြပါ၏။ အကျွန်ုပ်သည် ဟောပြောလေရာရာ၌ အနိုင်အထက်ပြုခြင်း၊ ညှဉ်းဆဲခြင်းအမှုကြောင့် အော်ဟစ်၍ ကြွေးကြော်ရပါ၏။ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် အကျွန်ုပ်၌ကဲ့ရဲ့ခြင်းအစဉ်ပြက်ပြယ်ခြင်းကိုခံစရာအကြောင်းဖြစ်ပါ၏။ထိုကြောင့်၊ငါသည်နှုတ်ကပတ်တော်ကို မကြားမပြော၊နာမတော်ကိုအမှီပြု၍မဟောဘဲနေမည်ဟုသဘောထားမည်သော်လည်း၊ငါ့အရိုးတို့၌ချုပ်ထား၍၊လောင်သောမီးကဲ့သို့နှုတ်ကပတ်တော်သည်ငါ့နှလုံး၌ဖြစ်သောကြောင့်၊အလွန်ငြီးငွေ့သဖြင့်အောင့်၍ မနေနိုင်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalms  63: 2, 3-4, 5-6, 8-9

ဆာလံကျမ်း     ၆၃း ၂၊ ၃–၄၊  ၅–၆၊ ၈–၉

**သံပြိုင်။**  ။ တပည့်တော်၏ ကိုယ်ခန္ဓာသည်ကိုယ်တော်ကိုတမ်းတပါ၏ ။

R.  **My soul is thirsting for you, O Lord my God.**

**၁။ အိုထာဝရဘုရား၊ ကိုယ်တော်သည်တပည့်တော်၏ဘုရားသခင်ဖြစ်ပါ၏ ။ တပည့်တော်၏ဝိညာဉ်သည်ကိုယ်တော်ကိုဆာငတ်ပါ၏ ။ တပည့်တော်၏ကိုယ်ခန္ဓာသည်ကိုယ်တော်ကိုတမ်းတပါ၏ ။ ရေမရှိသည့်မြေဆီလွှာသည်ခြောက်သွေ့နွမ်းရိနေ၍၊ရေကိုတမ်းတသကဲ့သို့ပင်တမ်းတပါ၏ ။ သံပြိုင်။**

O God, you are my God whom I seek; for you my flesh pines and my soul thirsts like the earth, parched, lifeless and without water.

**၂။ တပည့်တော်သည်ကိုယ်တော်ကိုသန့်ရှင်းရာဌာနတွင်တွေ့မြင်ခဲ့ရပြီး၊ ကိုယ်တော်၏တန်ခိုးတော်နှင့်ဘုန်းဂုဏ်တော်ကိုဖူးမြင်ခဲ့ရပေပြီ။ ကိုယ်တော်၏ချစ်မေတ္တာသည်အသက်ထက်ပင်သာလွန်သောကြောင့်တပည့်တော်၏နှုတ်ခမ်းများသည်ကိုယ်တော်၏ဘုန်းဂုဏ်တော်ကိုချီးမွမ်းပါမည်။ သံပြိုင်။**

Thus have I gazed toward you in the sanctuary to see your power and your glory, For your kindness is a greater good than life; my lips shall glorify you.

**၃။ တပည့်တော်သည်အသက်ရှင်သမျှကာလပတ်လုံးကိုယ်တော်ကိုချီးမွမ်းထောမနာပြုပါမည်။ ကိုယ်တော်၏နာမတော်၌ တပည့်တော်သည် လက်အုပ်ချီပါမည်။ တပည့်တော်၏ဝိညာဉ်သည်ခဲဖွယ် ဘောဇဉ်တို့ကိုစားသုံးရသကဲ့သို့ ပြည့်ဝလျက်ရှိမည်ဖြစ်ပြီး၊တပည့်တော်၏နှုတ်သည်လည်းသီဆိုကျေးသောနှုတ်ခမ်းများဖြင့်ကိုယ်တောကိုချီးမွမ်းပါမည်။ သံပြိုင်။**

Thus will I bless you while I live; lifting up my hands, I will call upon your name. As with the riches of a banquet shall my soul be satisfied, and with exultant lips my mouth shall praise you.

**၄။ ကိုယ်တော်သည်တပည့်တော်ကိုကူညီမစသူဖြစ်သောကြောင့်တပည့်တော်သည်ကိုယ်တော်၏ အတောင်တော်များ အရိပ်ဝယ်သီဆို ကြွေးပါ၏။ တပည့်တော်သည် ကိုယ်တော်ကိုနီးကပ် စွာတွယ်တာပါ၏။ ကိုယ်တော်၏လက်ရုံးတော်သည်တပည့်တော်ကိုထောက်မတော်မူပါ၏ ။ သံပြိုင်။**

You are my help, and in the shadow of your wings I shout for joy. My soul clings fast to you; your right hand upholds me.

**2nd READING: Romans 12: 1-2**
ရောမသြဝါဒစာ **၁၂း ၁–၂**

**ညီအစ်ကိုတို့ ငါသည်ဘုရားသခင်၏ သနားကရုဏာတော်ကိုထောက်ထား၍သင်တို့အားတိုက်တွန်းနှိုးဆော် လိုသည်မှာသင်တို့၏ ခန္ဓာကိုယ်များကိုသက်ရှိယဇ်ပူဇော်သက္ကာရကဲ့သို့၊သန့်ရှင်းမြင့်မြတ်၍ကိုယ်တော်နှစ် သက်လက်ခံဘွယ်ရာဖြစ်စေခြင်းငှါဆက်ကပ်ပူဇော်ကြလော့။ ဤသည်ကားသင်တို့ပြုအပ်သောဝတ်ပြုကိုး ကွယ်ခြင်းဖြစ်၏။ သင်တို့သည်ဤလောက၏ တွေးခေါ်ကျင့်ကြံမှုအတိုင်းမလိုက်လျောကြနှင့်။ ကောင်း မြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာနှင့်ပြည့်စုံသောအရာဖြစ်သောဘုရားသခင်၏ အလိုတော်ကိုသိရှိ နားလည်နိုင်ရန်သင်တို့၏ စိတ်နှလုံးကိုအသင့်ပြုပြင်ကြလော့။**

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Matthew 16: 21-27***

ရှင်မာတေဦး ဧဝံဂေလိကျမ်း **၁၆း ၂၁–၂၇**

**သခင်ယေရှုက မိမိသည် ဂျေရုဆလင်မြို့သို့သွား၍ သက်ကြီးဝါကြီးများ၊ကျမ်းတတ်ဆရာများနှင့်ရဟန်းအကြီးအကဲတို့၏လက်တွင်ဒုက္ခရစရိယာခံပြီးအသေခံရမည့်အကြောင်းကိုလည်းကောင်း၊ တတိယနေ့၌သေခြင်းမှထမြောက်မည့်အကြောင်းကိုလည်းကောင်းတပည့်တော်တို့အားထိုအချိန်မှစ၍အတိအလင်းမိန့်တော်မူ၏။ ပေတရုသည်မိမိနှင့်အတူကိုယ်တော်ကိုတစ်နေရာသို့ခေါ်ဆောင်၍သခင်ဘုရား၊ဤအဖြစ်မျိုးကိုယ်တော့်အပေါ်မကျရောက်စေရန်ဘုရားသခင်တားမြစ်တော်မူပါစေဟုကန့်ကွက်ပြောဆိုလေ၏။ ကိုယ်တော်ကလည်းမျက်နှာတော်ကိုလှည့်၍ပေတရုအားအချင်းစာတန်ငါ့နောက်သို့ဆုတ်လော့။ သင်သည်ငါ့အတွက်အတားအဆီးဖြစ်၏။ အကြောင်းမူကားသင်သည်ဘုရားသခင်နှင့်ဆိုင်သောအရာများကိုမဟုတ်၊လူနှင့်ဆိုင်သောအရာများကိုသာစွဲလန်းသည်ဟုမိန့်တော်မူ၏။ ထိုအခါသခင်ယေရှုက အကြင်သူသည်ငါ့နောက်သို့လိုက်လိုလျှင် မိမိကိုယ်ကိုငြင်းပယ်စေ၊ မိမိလက်ဝါး ကား တိုင်ကိုလည်းယူထမ်း၍ ငါ့နောက်သို့လိုက်စေ။ အကြောင်းမူကားမိမိအသက်ကိုကယ်ဆယ်လိုသောသူသည်အသက်ဆုံးရှုံးလိမ့်မည်၊ ငါ့အတွက်ကြောင့်အသက်ဆုံးရှုံးသူသည်အသက်ကိုပြန်၍ရလိမ့်မည်။လူသည်ကားဤစကြဝဠာအားလုံးကို အစိုးရသော်လည်းမိမိအသက်ဝိညာဉ်ဆုံးရှုံးလျှင်အဘယ်အကျိုးရှိမည်နည်း၊သို့မဟုတ်မိမိ၏အသက်ကိုမည်သည့်အရာနှင့်လဲလှယ်မည်နည်း။အကြောင်းမူကားလူသားသည်မိမိအဘခမည်းတော်၏ဘုန်းအာနုဘော်ကိုဆောင်၍ကောင်းကင်တမန်များခြံရံလျက်ကြွလာတော်မူသောအခါလူအသီးသီးတို့အားမိမိတို့၏အကျင့်အလျောက်ပေးဆပ်တော်မူလိမ့်မည်။**

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။